

# အဘိဓမ္မာသင်တန်းအမှတ် (၅)

၁၃. ၁၉. ၂၀၁၁၊ စနေနေ့မှာ သင်တန်းသား (၂၂)ယောက်တက်ပါတယ်၊ အမျိုးသား(၃) အမျိုးသမီး (၁၉)ဖြစ်ပါတယ်။ သင်တန်းကို "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြပါတယ်။ ဒီတစ်ပတ်မှာတော့ လေ့လာခဲ့ပြီးဖြစ်တဲ့ လောကီစိတ် (၈၁)ပါးမှ အကုသိုလ်စိတ်(၁၂)ပါး၊ အဟိတ်စိတ်(၁၈)ပါး၊ ကာမာဝစရ သောဘနစိတ် (၂၄)ပါး၊ ပေါင်း-ကာမဘုံမှာအဖြစ်များတဲ့ ကာမစိတ်(၅၄)ပါး၏ ဖြစ်ကြောင်း တရားများနဲ့ ရူပါဝစရစိတ် (၁၅)ပါးကို အရေအတွက်နဲ့အတူ စကားလုံး အဓိပ္ပါယ်များ စုံလင်စွာ ရှင်းပြပေးပါတယ်။

သက်ရှိသတ္တဝါတိုင်းမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ အမြင်မှားခြင်း၊ အမြင်မှန်ခြင်းနဲ့ တွေးတောကြံစည် စဉ်းစားကြတဲ့အခါမှာ ဉာဏ်ယှဉ်မှု မယှဉ်မှုများ ဖြစ်ကြပါတယ်။ ထိုသို့သော အကြောင်းအရာတို့သည် အဘိဓမ္မာသဘောအရ ဆန်းကြယ်သော အရာတို့ မဟုတ်ကြ၊ ဖြစ်ရိုးဖြစ်စဉ်များသာ ဖြစ်ကြောင်းကို နားလည်စေပါတယ်။

ဝမ်းမြောက်မှု သောမနဿစိတ်များသည် အကြောင်း(၃)ပါးကြောင့်သာ ဖြစ်ပါသတဲ့။ သဘာဝ ဣဋ္ဌာရုံ၊ ပရိကပ္ပ ဣဋ္ဌာရုံဟု ဣဋ္ဌာရုံ နှစ်မျိုးရှိပါတယ်၊ ထိုနှစ်မျိုးတို့တွင် တစ်မျိုးမျိုးနှင့် တွေ့ကြုံရခြင်း၊ သောမနဿ သဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့ခြင်း၊ စိတ်နေစိတ်ထား မလေးနက်ခြင်းဆိုတဲ့ သုံးမျိုးသည် သောမနဿစိတ်ကို ဖြစ်ပေါ်စေကြောင်းလို့ ဆိုပါတယ်။ အများအမြင် နှစ်သက်ဖွယ် မဟုတ်တဲ့ အနိဋ္ဌာရုံ ဖြစ်နေစေကာမူ ထိုသူအတွက် နှစ်သက်ဖွယ် ဣဋ္ဌာရုံထင်ပါက ထိုသို့သော ထင်မြင်မှုသဘောသည် ပရိကပ္ပ ဣဋ္ဌာရုံလို့ ခေါ်ဆိုရပါတယ်။ ဥပမာအားဖြင့် မစင်, ခွေးသေကောင်ပုတ်တို့သည် ရွံရှာဖွယ် အနိဋ္ဌာရုံ ဖြစ်သော်လဲ ခွေးနှင့် လင်းတတို့မှာ နှစ်သက်ဖွယ်ဣဋ္ဌာရုံ ထင်မှတ်ပုံမျိုးလို့ ဆိုပါတယ်။ သဘာဝ ဣဋ္ဌာရုံ ဆိုတာကတော့ အများလက်ခံကြတဲ့ နှစ်သက်ဖွယ် ရိုးရိုး ဣဋ္ဌ သဘောတွေကို ခေါ်ဆိုတာပါတဲ့။

သောမနဿစိတ်နဲ့ ပဋိသန္ဓေ နေခဲ့သူများမှာကတော့ ဘဝင်ကျသည့် အခိုက်မှာလဲ သောမနဿ ဘဝင်တွေသာ ဖြစ်နေလို့ သောမနဿ အထုံတွေ ရနေပါသတဲ့၊ အဲဒါကြောင့် အများသူတို့ ဥပေက္ခာ ဖြစ်လောက်သော အာရုံ၌ပင် ထိုသူမှာ သောမနဿ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ စိတ်နေစိတ်ထား မလေးနက်သူသည် မည်သည့်အရာ၌မဆို သဘောကျ ဝမ်းမြောက်

လွယ်သောကြောင့် အတော်အတန်အာရုံကိုပင် သောမနဿ ဖြစ်နေတတ်ပါတယ်တဲ့။ ဤအကြောင်းသုံးပါးသည် သောမနဿကို မုချ ဖြစ်စေတတ်သည်လို့ မမှတ်အပ်ကြောင်း၊ ဖြစ်တတ်သည်ဟု ရည်ရွယ်၍ပြသော အကြောင်းများသာဟု မှတ်ယူရမည်လို့လဲ ရှင်းပြပေးပါတယ်။

အဲဒီနောက်မှာ ဥပေက္ခာ စိတ်များ၏ အကြောင်းကို ရှင်းပြပါတယ်။ ဥပေက္ခာစိတ်ဆိုတာ အလယ်အလတ် ဖြစ်တဲ့ သဘောပါ၊ အကောင်းဘက်ကိုလဲ လောဘနဲ့မလိုက် အဆိုးဘက်ကိုလဲ ဒေါသနဲ့ မပါတဲ့ လက္ခဏာပါပဲ၊ သုခ၏ အခြားမဲ့၌ ဒုက္ခမဖြစ်၊ ဒုက္ခ၏ အခြားမဲ့၌ သုခ-မဖြစ်စေသော မွန်မြတ်သန့်စင် ငြိမ်းချမ်းတဲ့ သဘောတရားပါ။ ဒီ-ဥပေက္ခာက အကြောင်း(၄)ပါးကြောင့် ဖြစ်တတ်ပုံနဲ့ ဥပေက္ခာ၏ သဘောတွေကို ရှင်းပြပေးပါတယ်။

အလယ်အလတ်ဖြစ်တဲ့ အာရုံကိုတွေ့လျှင်၊ ဥပေက္ခာ သဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့လျှင်၊ စိတ်နေသဘောထား လေးနက် တည်ကြည်ခဲ့လျှင် ဥပေက္ခာ ဖြစ်တတ်သလို၊ အလွန်ဝမ်းမြောက်ဖွယ် အာရုံများနဲ့ တွေ့သော်လဲ ဝမ်းမြောက်ရမှန်း မသိမှု၍ လျစ်လျူရှု နေတတ်သော (မူဂ ဓာတုကထာ) ပုဂ္ဂိုလ်များ၌လဲ ဖြစ်တတ်တယ်လို့ (၄)မျိုး ဆိုပါတယ်။

စိတ်ဝင်စားဖွယ်က ဘဝနဲ့ လက်တွေ့ အကျုံးဆုံးဖြစ်တဲ့ ဒိဋ္ဌိကို အကြောင်း (၂)ပါးကြောင့်သာ ဖြစ်တယ်လို့ ဆိုတာပါပဲ။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိဟူသော အယူဝါဒနှစ်မျိုးမှာ တစ်မျိုးမျိုး၌ "အာသယ" ရှိခြင်း၊ မိစ္ဆာအယူရှိကြတဲ့ တိတ္ထိများကို လေးစားမြတ်နိုးလျက် ထိုသူတို့နှင့် တွဲဘက် ပေါင်းသင်းခြင်း၊ ဤသို့သော အကြောင်း(၂)ပါးတို့ကြောင့် ဒိဋ္ဌိ(အယူမှား) ဖြစ်ရတယ်လို့ ရှင်းပေးပါတယ်။

သံသရာမှ လွတ်လမ်းကိုမရှာ၊ လွတ်မြောက်မှုကို မမြော်လင့်ကြတဲ့ (ဝဋ္ဋနိဿိတ) ပုထုဇဉ်များ၏ စိတ်နေစိတ်ထားသည် မြဲ၏ဟုယူသော သဿတဒိဋ္ဌိ၊ ပြတ်စဲ၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိ၊ ထိုဒိဋ္ဌိ-တစ်ပါးပါး၌ သက်ဝင်ခိုအောင်းလျက် နေတတ်ပါသတဲ့။ တောတောင် ချောက်ကြား၌ နေကြသော ခြင်္သေ့ သစ်ကျားတို့သည် အရပ်တစ်ပါးသို့ အစာရှာ သွားသော်လဲ အချိန်ရောက်ပါက မိမိတို့နေရာသို့ ပြန်လာကြသလိုပါပဲတဲ့၊ ယခုလောလောဆယ် မိစ္ဆာအယူကို မယူစေကာမူ ရှေးရှေးဘဝများက မိစ္ဆာအယူကိုစွဲမြဲသူ ဖြစ်ပါလျှင် ဆင်ခြင်စဉ်းစားတိုင်း ထိုမိစ္ဆာအယူကပင် မှန်သလိုလို ထင်တတ်တဲ့ (အာသယ)ဓာတ်ခံကြောင့် ဒိဋ္ဌိအမျိုးမျိုး (ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်) ဖြစ်ပေါ်တတ်ပါတယ်လို့ အကြောင်းပြ ပြောဆိုပါတယ်။

နောက်တစ်ချက်က ကံကံ၏အကျိုးကို ယုံကြည်မှု မရှိကြတဲ့လူမျိုး၊ တနည်းပြောရလျှင် ကုသိုလ်၊ အကုသိုလ်ကိုနဲ့ ထိုကုသိုလ် အကုသိုလ်တို့၏ အကျိုးပေး သက်ရောက်မှုတို့ကို ယုံကြည် လက်ခံခြင်း မရှိကြတဲ့ (မိစ္ဆာအယူ၌ ယှဉ်သူ- အယူမှားသူ- တစ်ပါးသော အယူဝါဒ ရှိသောသူ) ထိုသူတို့ကို (တိတ္ထိယ) တိတ္ထိလို့ ခေါ်ရပါတယ်။ ထိုသို့သော အယူဝါဒရှိသူများနှင့် အချိန်ကြာကြာ ပေါင်းသင်းနေထိုင်ပါက သတ္တိ ဂု မ္ဘ ဇာတ်တော်မှာ လာတဲ့ ကြက်တူရွေး ငှက်ငယ်သည် သူခိုး ဓားပြတွေနဲ့အတူ ကြီးပြင်းလာခဲ့ရလို့ သူခိုး ဓားပြတို့၏ အမူအကျင့်တွေ ရခဲ့ရသလို ဓာတ်ခံညံ့သူကို မဆိုလင့်၊ ဓာတ်ခံကောင်းကြတဲ့ သူတော်ကောင်းတို့သည်ပင် အပေါင်းကြောင့် ဂုဏ်ပျက်ရတဲ့ ဘဝတွေ အသင်္ချေ ရှိခဲ့ပါတယ်။ "တမာနောလျှက်၊ ရောဖက်စိုက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏" တဲ့။ ဒီစကားက အဝိညာဏက သက်မဲ့ရုပ် တို့သည်ပင် ရောစိုက်လျှင် ပျက်စီးတတ်ပုံကို ပြောတာပါ။ မိစ္ဆာအယူရှိသူနှင့် ပေါင်းသင်းမှု များပါက ဒိဋ္ဌိ-ဖြစ်ခြင်း အကြောင်းရင်းတစ်ခု ဖြစ်ပါကြောင်းကို သဘောသွားတွေနဲ့ ပြောပြ ရှင်းပြပေးပါတယ်။

စိတ်ဝင်စားဖွယ် ကောင်းတာက တိုက်တွန်းသူ အားပေးသူမရှိပါပဲ ကောင်းမှု မကောင်းမှု အရာမှာ အသင်္ခါရိက ဖြစ်ကြောင်း (၆)ပါး၊ တိုက်တွန်းမှု အားပေးမှုကြောင့် ကောင်းမှု မကောင်းမှု အရာမှာ သသင်္ခါရိက ဖြစ်ကြောင်း(၆)ပါး၊ ဗဟုသုတ အကြားအမြင်နည်းလို့၊ စိတ်သဘောထား သေးသိမ်လို့ ဒေါမနဿနဲ့ ပဋိဃတို့ ဖြစ်ကြောင်း(၄)ပါး၊ ဘာဝနာအစွမ်း ကုသိုလ်အစွမ်းတို့ကြောင့် ဉာဏသမ္ပယုတ် ဖြစ်ကြောင်း(၅)ပါးတို့ကို အထင်အလင်း ရှင်းပေးထားလို့ ဘဝတစ်ခု၏ အစိတ်အပိုင်း (၁၇)ပါးကို အရှယ်နဲ့ ပိုင်းခြားပြပုံတွေကလဲ လက်တွေ့ မှတ်သားဖွယ်တွေပါ၊ လွန်လာခဲ့တဲ့ အသက်အရွယ်ကို နောင်တတရား ရမနေကြပဲ ရောက်ဆဲအချိန်မှာ အနာဂါတ် ကာလများအတွက် အကောင်းဆုံးဖြစ်အောင် အဓိပ္ပါယ်ရှိရှိ ဘယ်လိုအသုံးချ သွားကြမလဲဆိုတာ ကိုယ်တိုင် ဆုံးဖြတ်နိုင်ဖို့ လမ်းစတွေလဲ ဒီသင်တန်းမှာ ရစေခဲ့ပါတယ်။

ဗဟုသုတ ပဥ္စာကလေးကတော့ အခြားဘာသာဝင် တစ်ယောက်က အကုသိုလ် ဖြစ်မှန်းမသိလို့ အကောင်တစ်ကောင်ကို သတ်တယ်၊ ဗုဒ္ဓဘာသာဝင် တစ်ယောက်ကလဲ အကုသိုလ် ဖြစ်မှန်းသိလျက် အကောင်တစ်ကောင်ကို သတ်တယ်၊ ထိုသူ နှစ်ယောက်တို့တွင် မည်သူ့ကပို၍ အပြစ်ကြီးပါ မည်နည်း။

ဒီမေးခွန်း ပဥ္စာကလေးက ရှင်းနေသလိုလိုနဲ့ အလွန်ပင် ရှုတ်ထွေးစေပါတယ်၊ သင့်အတွက် အဖြေမှန်ကို သိနိုင်ဖို့ကတော့ အဘိဓမ္မာကို လေ့လာလိုက်လျှင် သို့မဟုတ် ပို့ချပေးနေသော အဘိဓမ္မာသင်တန်းကို အချိန်နဲ့နဲ့ပေးလို့ လာနိုင်ခဲ့မည်ဆိုပါလျှင် ............

အဖြေမှန်ရဖို့ လုံးဝ အာမခံချက် ပေးပါတယ်လို့.......

သတ္တဝါ မှန်သရွေ့ တရားတွေ ချမ်းမြေ့သာယာရှိကြပါစေ....

ဘုန်းသျှံ (လန်ဒန် ဝိဟာရ)

၀၅. ၀၉. ၂၀၁၁။